
နှစ်ကျသိုင်း
တခါတုန်းက တက္ကသိုလ်မှာ..

# ဤစာအုပ်နှင့် ပတ်သက်၍

(က)

ပြီးခဲ့သော စာအုပ်များနှင့် ပတ်သက်၍ ဝေဖန်စကားများ ရေးသားပေးပို့ကြသည့် စာဖတ်သူ၊ မိတ်ဆွေ၊ ဆရာများအားလုံးကို ကျေးဇူးတင်ပါသည်။

ဝေဖန်၊ အကြံပေးထောက်ပြကြသည့် အချက်အလက်များအားလုံးကို ဦးထိပ်ပန်ဆင်လျက် ကျွန်တော် ဆက်လက်ကြိုးစားပါဦးမည်။

ဤစာအုပ်နှင့်ပတ်သက်၍ ကျွန်တော့်အား စကားအနည်းငယ် ပြောခွင့်ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

(ခ)

ကျွန်တော်တို့မှာ ပြီးခဲ့သည့် အတိတ်ဘဝလေးများနှင့် စပ်လျဉ်း၍ မမေ့လျော့စရာ အဖြစ်အပျက်လေးများသည် များပြားစွာ မဟုတ်သည့်တိုင် တစ်ခုတစ်လေမျှတော့ ကိုယ်စီကိုယ်ငှ ရှိကြလိမ့်မည်ဟု ထင်ပါသည်။

ထိုအဖြစ်အပျက်ကလေးများ အကြောင်းကို ပြောဆိုသည့်အခါတိုင်း တစ်ခါတုန်းက ဆိုသည့် အသုံးအနှုန်းလေးများကို သုံးစွဲလေ့ သုံးစွဲထ ရှိခဲ့ကြပါသည်။

ထို `တစ်ခါတုန်းက' သည် တစ်ခါတစ်ရံတွင် အဖြစ်အပျက်တစ်ခုကို ရည်ညွှန်းတတ်သလို တစ်ခါတစ်ရံတွင် အချိန်ကလာလေးတစ်ခု၊ တစ်ခါတစ်ရံတွင် နေရာဒေသလေးတစ်ခု၊ တစ်ခါတစ်ရံ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ (သို့မဟုတ်) တစ်စုတစ်ဖွဲ့၊ (သို့မဟုတ်) တစ်တန်းတစ်စား၊ အလွှာတစ်လွှာ၊ မျိုးနွယ်စုတစ်စု စသဖြင့် ရည်ညွှန်းရတတ်ပါသည်။ ယခုတစ်ခါတုန်းက တက္ကသိုလ်မှာ ဆိုသော ဝတ္ထုသည် ဤကဲ့သို့သော အနက်ရှိသည့် စာတစ်ပုဒ် ဖြစ်ပါသည်။

(ဂ)

ကျွန်တော်သည် ဘဂ၏ ကံအကြောင်းတရားကို အခြေပြု၍ ယခုထိ တက္ကသိုလ်သုံးခုကို ကျင်လည်ခဲ့ရဖူးပါသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်က ကျင်းပခဲ့သည့် စက်မှုတက္ကသိုလ် မောင်မယ်သစ်လွင်နေ့တစ်နေ့တွင် ကျွန်တော် တက္ကသိုလ်ကျောင်းသား စဖြစ်ပါသည်။

ဤဂတ္ထုပြီးချိန်တွင် ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်၌ ရူပဗေဒအဓိကဘာသာနှင့် မဟာသိပ္ပံ နောက်ဆုံးနှစ် အပိုင်း(က) တက်နေသော ကျောင်းသားအဖြစ်ဖြင့် ရှိနေဆဲပင် ဖြစ်ပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ်တွင် ငါးနှစ်အထိ အတန်းကျမရှိ၊ ထို့နောက် မည်သည့်စာမေးပွဲမှ ကျရှုံးခြင်းမရှိဘဲ အနားယူကာလသုံးနှစ်၊ ထို့နောက် တက္ကသိုလ် စာပေးစာယူသင်တန်းတွင် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း အတန်းနှစ်တန်း ဖြေဆိုအောင်မြင်ခဲ့ပြီးနောက် သိပ္ပံ (ရူပဗေဒ) ဘွဲ့တစ်ဘွဲ့ကို ပိုင်ဆိုင်၍ ယခုအခါ ရူပဗေဒဘာသာရပ် မဟာသိပ္ပံ နောက်ဆုံးနှစ် အပိုင်း (က)ကို ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၌ တစ်နှစ်တာ ဖြတ်သန်း၍ ဆက်လက်စာသင်နေရသော ကျောင်းသားပင် ဖြစ်နေပါသေးသည်။

ထို့ကြောင့် ကျွန်တော့်ဘဂနှင့် စပ်လျဉ်း၍ တစ်ခါတုန်းကဟု ရည်ညွှန်းပြောဆိုမည်ကြံတိုင်း တက္ကသိုလ်နှင့် ပတ်သက်သည့် စကားစုများသည် နေရာများစွာ ယူလာပါသည်။

ထို့ကြောင့် ကံ့ကော်ပွင့်လေးများသည် ကျွန်တော့်ချစ်သူ ဖြစ်နေသည်မှာ မဆန်းပါ။

(ဃ)

ဤဂုဏ်ပြုလွှာသည် အထက်ပါ စာစုလေးများမှ တစ်ပိုင်းတစ်စ၊ သို့မဟုတ် တချို့တစ်ဝက်ဟု ခေါ်လိုက ခေါ်နိုင်ပါသည်။

သို့မဟုတ်....

ကံ့ကော်ရွက်ရေအထွေထွေပွတ္တိ၏ ရုပ်ပုံလွှာ တစ်ဝက်တစ်ပျက်ဟုလည်း ပြောနိုင်ပါသည်။

ထို့ကြောင့် ဤဂုဏ်ပြုလွှာတွင် ကျွန်တော် တင်ပြသောအကြောင်းအရာများနှင့် ပတ်သက်၍ ကျွန်တော့်ဖာသာ ကျွန်တော်လည်း မည်သည့်အချင်းအရာကို ဖွဲ့ဆိုသနည်းဆိုသော အမေးကို ဖြေရန် မလွယ်တော့ပါ။

(င)

တစ်ခါတစ်ရံတွင် တက္ကသိုလ်သည် ရှေ့တန်းရောက်လာပါသည်။

တစ်ခါတစ်ရံတွင် ချစ်သူငယ်ချင်းများက နေရာလုလာပါသည်။

တစ်ခါတစ်ရံတွင် ကံ့ကော်ပွင့်ကလေးတစ်ပွင့်သည် လွှမ်းမိုးသွားပါသည်။

ဤသည်မှာ ကျွန်တော် ပြောလိုရင်းအချက် ဖြစ်ပါသည်။

(စ)

အားလုံးကို ကျွန်တော် ကျေးဇူး အထူးတင်ရှိပါသည်

**လေးစားလျက်**

*

မြကျွန်းသာမှာ ကံ့ကော်တွေ ပွင့်နေပြီ ခင်လေးရေ....

ကံ့ကော်တော်တစ်ခုလုံး မွှေးထုံသင်းပျံ့နေလေရဲ့...

ဂျပ်ဆင်ဟောဘက်က လွင့်လာတဲ့ ဥသြသံလေးကိုလည်း ကြားနေရတယ်...

သူဆိုတာကတော့... ဥသြ... ဥသြလို့ထင်တာပဲ...

ကိုယ် ကြားနေရတာ ကတော့... ခင်လေး... ခင်လေး... ရယ်လို့ပဲပေါ့...

သတိရတယ်... ခင်လေးရယ်..

သတိရတိုင်းလည်း လွမ်းရတယ်...

လွမ်းရတိုင်းလည်း မျက်ရည်ဝဲရတယ်...

အတိတ်ဆိုတဲ့ အိပ်မက်နွမ်းလေးတွေ ပျောက်စေချင်ပါပြီ ခင်လေးရယ်...

ဘဝဆိုတာ သစ်ရွက်လေးလိုဖြစ်ရင် ဘယ်လောက်ကောင်းမလဲ...

သစ်ရွက်ဆိုတာ...

ဝေတုန်းက ဝေခဲ့တယ်...

ကြွေချိန်ကျတော့လည်း အနှောင်အတွယ် ကင်းကင်းနဲ့ ကြွေသွားတတ်တယ်...

ပန်းပွင့်လေးတွေလိုပေါ့...

ပန်းပွင့်လေးတွေလည်း လန်းတုန်းက လန်းခဲ့ကြတယ်....

နွမ်းချမ်းကျတော့လည်း အတာအတွယ်ကင်းကင်းနဲ့

နွမ်းသွားတတ်တယ်...

ခင်လေးနဲ့ ပတ်သက်တဲ့ အတိတ်ဆိုတာလေးတွေလည်း သစ်ရွက်လေးလို ကြွေသွားစေချင်တယ်...

ပန်းပွင့်လေးလို နွမ်းသွားစေချင်တယ်...

ဒါပေမယ့်... ခင်လေးရယ်...

ခင်လေးကို.. ကိုယ် ဘယ်လိုမေ့လို့ရမှာလဲ...

တက္ကသိုလ်မှာ ကံ့ကော်လေးတွေ အချိန်မှန်ပွင့်တတ်ကြတယ်...

ပွင့်လာတဲ့ ကံ့ကော်ပန်းလေးတွေနဲ့အတူ ဥဩငှက်လေးကလည်း ခင်လေးရေ... ခင်လေးရေ.... လို့ တမ်းတမ်းတတကလေး လာခေါ်တတ်တယ်...

အဲဒီ အခါတိုင်းမှာ ဘယ်သူမှ မမြင်နိုင်တဲ့ အိပ်မက်ရဲက ခြေရာလေးတွေကို ကိုယ် တွေ့နေရတော့တယ်...

ကံ့ကော်ပင်အောက်မှာ... ခြေရာလေးတွေ တွေ့မိတယ်...

ခြေရာလေး လေးခု။

ပန်ပေးတုန်းက ခြေရာလေးနဲ့...

ပန်နေတုန်းက ခြေရာလေးရယ်..

ကံ့ကော်ပင်ထက်မှာ... လက်ကလေးတွေ တွေ့မိတယ်...

လက်ကလေး လေးခု။

ပန်ပေးတုန်းက လက်ကလေးနဲ့...

ပန်နေတုန်းက လက်ကလေးရယ်...

ပြီးတော့...

ကံ့ကော်ပွင့်လေးတွေမှာ အပြုံးလေးတွေ တွေ့မိတယ်…

အပြုံးလေးနှစ်ခု။

ပန်ပေးတုန်းက အပြုံးလေးနဲ့…

ပန်နေတုန်းက အပြုံးလေးရယ်ပေါ့ကွယ်…

ခင်လေးတော့ တွေ့မှ တွေ့နိုင်မယ်…

ခင်လေးတော့ သတိရချင်မှ ရတော့မယ်…

ကိုယ်ကတော့ မေ့နိုင်မယ် မထင်တော့ဘူး ခင်လေး…

ဘာဖြစ်လို့လဲဆိုတော့..

မြကျွန်းသာမှာ ကံ့ကော်တွေ ပွင့်နေကြပြီလေ….

*

"သင့်ညာဘက်ကို အမြန်ဆုံး လှည့်ကြည့်လိုက်ပါ"

ရှေ့တည့်တည့်မှ မြင်လိုက်ရသော စာတမ်းကြောင့် ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။

စောစောက ခံစားခဲ့သော ဒုက္ခများကို မေ့သွားပြီး ထိုင်လက်စကြီးသည် တိုးလို့တန်းလန်း ဖြစ်သွား၏။ မလုံမခြုံများ ဖြစ်နေပြီလားဆိုသော အသိနှင့်အတူ မျက်နှာတစ်ခုလုံး ရှိန်းကနဲ ဖြစ်သွားသည်။

ခက်သည်မှာ ကိုယ်က ကျောင်းသားသစ်၊ မနေ့တစ်နေ့ကမှ တက္ကသိုလ်နယ်မြေ ခြေချခဲ့သူ၊ သည်ပတ်ဝန်းကျင် သည်အနေအထားကို ကိုယ်က ဘာမှသိသူမဟုတ်။

လျှို့ဝှက်အပ်သောနေရာတွင် လူမြင်မခံဝံ့သော အလုပ်ကို လုပ်နေသည့်အခါမှာ ပိုဆိုးသည်။

ခုလည်း ဘာမှန်းမသိ ညာမှန်းမသိ၊ ကိုယ်ကတော့ လုံခြုံပြီဆိုပြီး စိတ်ချလက်ချ ရှိခဲ့သည်။ ဤသတိပေးချက်ကို မြင်လိုက်မှ စောစောက လုံခြုံနေသော စိတ်များ ကစဉ့်ကရဲ ဖြစ်သွားသည်။

ပြီးတော့ သည်ကိစ္စမျိုးကလည်း ကြာကြာဆိုင်းပြီး တွေဝေနေချိန်မရ။

ဘာများ ဖြစ်နိုင်သလဲ ဆိုသည်ကိုပင် ကြာကြာမစဉ်းစားသင့်။

အမြန်ဆုံး လုပ်သင့်တာ လုပ်မှဖြစ်မည်မို့ ညာဘက်သို့ ကမန်းကတမ်း လှည့်ကြည့်လိုက်သည်။

မျက်လုံးပြူးသွား၏ ။

ညာဘက်နံရံပေါ်တွင် စာတန်းတစ်တန်း။

"ဟုတ်ပြီ မိတ်ဆွေ ဒါပေမယ့် ကျေးဇူးပြုပြီး ဘယ်ဘက်ကို ကြည့်လိုက်စမ်းပါဦး"

အင်း... ဓာတ်ကတော့ ရှုပ်ပြီဟု ထင်လိုက်၏ ။

စာတန်းက နံရံဖြူဖြူတွင် အကြီးကြီး မဟုတ်သော်လည်း ထင်ထင်ရှားရှား ရေးထားရာ ဘာမှန်းမသိသော်လည်း သူ့စွဲဆောင်မှုနောက်ကို ကိုယ်မပါ၍ မရတော့။

စောစောက ပျာယာခတ်နေခဲ့သော်လည်း ခုထိ ကိုယ်လုပ်ရမည့်အလုပ်ကို မလုပ်ရသေး။ ရှင်းရှင်းပြောရလျှင် နေရာတကျ မထိုင်ရသေး၊ လုံချည်ကိုပင် လိုသလောက် မ,မတင်ရဲဘဲ ဖြစ်နေသည်။

နေရာသစ်၏ မလုံလဲစရာ အဖြစ်ကြောင့် ကုံးကုံးကွကွနှင့် ကို့လို့ကန့်လန့်ကြီး ရှိနေသေး၏ ။

ဂမ်းက ရစ်၍ နာနေပြီ။

သို့သော် စိတ်ချလက်ချ မနေဝံ့သေးသဖြင့် ဘယ်ဖက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။

ရော်.. လာပြန်ပြီတစ်ခု

"ဟုတ်သွားပြီ မိတ်ဆွေ တစ်ခုပဲ ကျန်ပါတော့သည်။ နောက်ဖက် အပေါ်သို့ လှည့်ကြည့်လျှင် အဖြေရှိပါသည်" တဲ့။

သည်တစ်ခါတော့ ကျွန်တော် သိပ်မဆိုင်းတော့။ သိစရာရှိလျှင်လည်း ချက်ချင်း သိလိုက်ချင်ပြီ။ ကိုယ့်အခြေအနေကလည်း ကြာကြာဆိုင်းနိုင်ပုံ မရတော့။ ကြာလျှင် ဒုက္ခများသွားလိမ့်မည်။

ထိုင်တစ်ဝက် ထတစ်ဝက်ကြီးနှင့် ပုံဆိုးပန်းဆိုး ဖြစ်နေသည့်အပြင် အနံ့အသက်ကလည်း ဆိုးသည်။

ထို့ကြောင့် သိချင်စိတ်နှင့်အတူ နောက်သို့ လှည့်ကြည့်သည်။

မျက်လုံးမှီရာအရပ်တွင် ကျွန်တော်နှင့် ဆိုင်သည်ဟု ထင်ရသော စာတန်းမရှိ။

နည်းနည်းလေး မိုးတိုးမတ်တတ် လုပ်ကြည့်မှ တွေ့သည်။ စောစောက မှင်ရောင်အတိုင်း စောစောကလက်ရေးနှင့် စာတန်းတစ်ခု…

"သတိထားပါ မိတ်ဆွေ သူများလုပ်ခိုင်းတိုင်း လျှောက်လုပ်သောသူသည် ငပေါဖြစ်၏ " တဲ့..

သေရော

ကိုယ့်နဖူးကို ကိုယ့်လက်ဝါးနှင့် ပိတ်ရိုက်မိလိုက်သည်။

ကောင်းကောင်းကြီး ခံလိုက်ရပေပြီ။

သည့်မှာဖြင့် ဂမ်းနာလွန်းသဖြင့် စာသင်ခန်းထဲမှ ဒရောသောပါး ပြေးလာရသူ၊ အိမ်သာထဲ ရောက်လာသည့်တိုင် သူ နှောင့်ယှက်သဖြင့် ကိုယ့်ကိစ္စကိုယ် မလုပ်နိုင်သေးပဲ ဗျာများနေရသူ၊ နောက်ဆုံး စာရင်းချုပ်တော့ ကိုယ်ပဲ ငပေါဖြစ်ရသေးသည်။

"ခွေးသူတောင်းစားတွေ"

ဘယ်သူလုပ်ထားမှန်း မသိသော်လည်း ဟုတ်တိပတ်တိနှင့် အခန့်သား လုပ်ထားသော သကောင့်သားများကို ပြစ်ပြစ်နှစ်နှစ် တွယ်လိုက်မိ၏ ။

သို့သော်... သိပ်ကြာကြာ ဒေါပွချိန်တော့ မရပါ။ ကိုယ့်မှာကလည်း ကိုယ့်ပြဿနာနှင့်ကိုယ်၊ လုပ်စရာရှိတာလုပ်ရန် အရေးကြီးသဖြင့် လုပ်ရမည့်အလုပ်ဖြစ်သော အုတ်ခုံပေး ထိုင်ချခြင်းအမှုကို ပြုလိုက်မိ၏ ။

ခုမှ ဂျုးခနဲ သက်ပြင်းချနိုင်တော့သည်။

အဲ.. ပြီးပလားဆိုတော့ မပြီးသေးပါ။

ကျွန်တော် ဆိုသည့်ကောင်က တက္ကသိုလ်ကျောင်းသား အသစ်ကျပ်ချွတ်ကလည်း ဖြစ်ပြန်၊ ကဗျာဆရာပေါက်စကလည်း ဖြစ်ပြန်ဆိုတော့ တော်ရုံစပ်စုခြင်းမျိုးသာမက၊ အတော့်အတော်ကိုလည်း စပ်စုစိတ်ကလေးက ရှိနေသည်။

အရေးကြီးသည့် အစိတ်အပိုင်းအထိ၊ ကိုယ့်အန္တရာယ်ကိုယ် ဖြေရှင်းပြီးသကာလ မျက်လုံးများက အငြိမ်မနေနိုင်တော့၊ ဖြူဖြူဖွေးဖွေးအသွင်ဖြင့် အစကရှိခဲ့သော နံရံပေါ်တွင် ယခုအခါ ပွစာကျဲနေပြီဖြစ်သော လက်ရေးမျိုးစုံဖြင့် နိုက်နိုက်ချွတ်ချွတ် အယုတ်တမာများ ရေးထားသော စာတန်းများကို လျှောက်ဖတ်ကြည့်နေမိသည်။

တက္ကသိုလ်ဆိုသည်က ကျွန်တော် ခုထိ တွေ့မိသလောက်ဖြင့်

တခြားနေရာများထက်စာလျှင် တက္ကသိုလ်ပီပီ ထူးကိုထူးသည်။

အယုတ်တမာဟု ကိုယ်က အလွယ်တကူ ကင်ပွန်းတပ်လိုက်မိသော်လည်း တကယ်တော့ ယုတ်မာခြင်းနှင့် ဘာမှမဆိုင်ပါ။ လျှို့ဝှက်အပ်သော အခြင်းအရာများနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပညာသားပါပါ တင်ပြထားခြင်းမျှသာ ဖြစ်ပါသည်။

အညစ်အပတ် မဟုတ်ပါ။

အကယ်၍ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် တက္ကသိုလ်ကို ရောက်ခဲ့ပါအံ့၊ တခြား အထွေအထူး မှာစရာမရှိသေးသော်လည်း စေတနာ ရှေ့ထား၍ မှာလိုသည့် စကားတစ်ခုတော့ ရှိပါသည်။

ထိုစကားမှာ အခြားမဟုတ်ပါ။ တက္ကသိုလ်ရောက်လျှင် နံရံပေါ်မှ စာတန်းလေးများကို ဂရုတစိုက် ကြည့်စေချင်ပါသည်။

နံရံမရွေး ရေးထားသောစာရှိလျှင် ဂရုပြု လေ့လာစေချင်ပါသည်။

အကယ်၍ ကြည့်သောသူသည် အတွေးအခေါ် ပညာတွင် စိတ်ဝင်စားသူဖြစ်က ထူးခြားသော ဒဿနာများကို ရှာဖွေတွေ့ရှိသွားပေလိမ့်မည်။

ကြည့်သောသူသည် ဟာသပညာကို စိတ်ဝင်စားသူ ဖြစ်က သူမတူသော ဟာသများဖြင့် ကျေနပ်အားရသွားပါစေ့မည်။

ဂုတ္တုအကြောင်း၊ စာအကြောင်း၊ ပေအကြောင်းများကို စိတ်ဝင်စားလျှင် ထူးခြားသော ဇာတ်လမ်းလေးများကို ရှာဖွေတွေ့ရှိနိုင်သည်။

ချုပ်ပြောရလျှင် မည်သည့်ဝါသနာရှင် ဖြစ်ပါစေ၊ မိမိသက်ဆိုင်သော ဝါသနာကိစ္စများအတွက် များစွာ အထောက်အကူပြုနိုင်သော အချက်အလက်များကို တက္ကသိုလ်နံရံပေါ်ရှိ စာတန်းများတွင် ရှာတွေ့နိုင်ပါသည်။

ကဗျာဆိုလျှင်တော့ ပြောမနေနှင့်တော့။

ပထမဆုံး ကျောင်းစတက်သည့်နေ့က တွေ့ရသည့်ကဗျာဆို ခုတိုင် အသည်းစွဲနေသေး၏ ။

မမှတ်မိစရာအကြောင်းလည်း မရှိ။

ကျောင်းတက်စ တောကလည်း တောသား၊ ခုမှ ယောင်တိယောင်တနှင့် လူ့ဘဝကိုရသော လူသားကဲ့သို့ ဖြစ်နေသော ကျွန်တော့်မှာ အတန်းထဲ ဝင်ထိုင်လိုက်ပြီးကတည်းက ခေါင်းပင် ကောင်းကောင်းမဖော်ရဲ။

မရဲတရဲနှင့် စာသင်ခန်းရှေ့တည့်တည့် လှမ်းကြည့်လိုက်သောအခါ ကျောက်သင်ပုန်း အပေါ်တည့်တည့် နံရံပေါ်တွင် မြေဖြူနှင့် ထင်ထင်ရှားရှား ရေးထားသော ကဗျာလေးတစ်ပုဒ်ကို လှမ်းမြင်ရ၏ ။

ပေါ်ဦးကလည်း လက်ကုပ်ပြသည်။

ကဗျာက အချစ်ကဗျာလေး၊ ခံစားချက် အပြည့်အဝနှင့် ဖတ်မိသူတိုင်း ကိုယ်ချင်းစာ၍ ခံစားနိုင်လောက်အောင် အဖွဲ့အနွဲ့ကောင်းသည်။

ခေါင်းစဉ်က ချိန်းတဲ့ညမှာ သူမလာလို့... တဲ့

ကြည့်ပါဦး

"အခြေမလှတဲ့

စနေညမှာ

ဆီးစပ်ကို မီးဟပ်သလို

ခံစားရပါတယ် အချစ်ရယ်..." တဲ့။

ဘယ်လောက်သနားစရာ ကောင်းလှတဲ့ ခံစားချက်လေးလဲလို့။

အခုနေရာကတော့ အိပ်သာဖြစ်သည့်အတွက် အသုံးအနှုန်းများ နည်းနည်းကြမ်းသည်။ သို့သော် အရပ်အိမ်သာ၊ ဈေးအိမ်သာများထဲသို့

တထစ်တခွကြီးမဟုတ်၊ ပညာသားပါသည်။

နံရံတစ်နေရာမှ စာတန်းကမူ ပြန်ပြောရရန် မသင့်။

တခြားတစ်နေရာတွင်မူ လျှို့ဝှက်အပ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခု၏ အမည်ခွဲများကို နှစ်ဆယ့်နှစ်မျိုးတိတိ ရှာဖွေသုတေသနပြုထားသည်။ ပြီးတော့လည်း နောင်းလူများ ဆိကလက်ကြံဆနိုင်ရန်အလို့ငှာ ရှာဖွေတွေ့ရှိသမျှ ထပ်မံဖြည့်စွက်ကြပါဟု မေတ္တာရပ်ခံထား၏ ။

ဘယ်ဘက်ခြမ်းတစ်နေရာမှ စာသားလေးကမူ ဖော်ပြသော်ကောင်းအံ့ဟု ထင်သည်။ သို့သော် အချို့နေရာများကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဖြည့်စွက်ဖတ်ရန် တိုက်တွန်းအပ်ပေသည်။

အလွန် အတွေးအခေါ်ပါသော စာဖြစ်၍ မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

ရှုပါ

"ဤနေရာ၌ xxxx လှန်၍ ချေးပါနေစဉ်

သင့်အချစ်ဆုံးသူကို သတိရကြည့်ပါ။

အဟိ… သင် မရှက်ဘူးလား၊

ဟဲ.. ဟဲ… မရှက်ပါနှင့်

သင့်အချစ်ဆုံးသူသည်လည်း

ဤကဲ့သို့ပင် ပြုရပါသည်။

သဘာဝပါခင်ဗျာ"

ပုံ

တဲ့။

လွမ်းနေတဲ့အချိန်လေးမှာ ရယ်စရာမောစရာလေးတွေ ပြန်တွေးမိနေရတယ်လို့.. ကိုယ့်ကို အပြစ်တင်မလို့လား... ခင်လေး

ခင်လေးရယ်... တစ်ခါက ရယ်စရာလေးတွေဟာ ခုတော့ မောစရာလေးတွေ ဖြစ်နေကြပါပြီ။

ဒါပေမယ့်... ကိုယ့်မှာ ပြောစရာလေးတွေ ရှိနေတာလဲပါလို့ ဒီအကြောင်းလေးတွေ ပြန်သတိရနေတာပါ။

အဲဒါက ဘာလဲဆိုတော့...

တက္ကသိုလ်ဆိုတာ မပျော်တတ်တဲ့သူကိုတောင်မှ ပျော်တတ်အောင် သင်ပေးနိုင်တဲ့ ကျောင်းတော်ကြီးဖြစ်တယ်ဆိုတာပါပဲ။

*

"ကနေ့ဆို xxx ကိုယ် ရောက်လာ မလားရယ်လို့ အကြိုထောက်ပါလား xxx မြစမ်းရေ xxx နှုတ်ခမ်းလေး သဖွဖွနဲ့ xxx သူက ပန်ကြားနေ xxx မှန်သား မမြင် xxx ပါးပြင်မခြယ် xxx မှင်ရည်ငယ်မလဲ့ xxx အော် xxx ထုံးနှောင်မဲ့ဆံကေ xxx နောက်ဖက်ခန်းဆီမှ ခုနှစ်သံချီ အော်လိုက်သော ဆွေးဆွေးမြွေ့မြွေ့ တေးသံနှင့်အတူ ဟိုအခန်းသည်အခန်းဆီမှ ဩဘာသံများ လျှိုင်၍ ထွက်လာသည်။

"မဆိုချင်ပါနဲ့လို့ တောင်းပန်ထားကြသဗျာ..."

ဆိုတာက တစ်မျိုး

"ဖခင်ဘုရင်ကြီးမှာ xxx မကြားလိုပါ xxx မကြာလိုပါ"

ဆိုတာက တစ်ဖုံ

သီချင်းသံ ချက်ချင်းတိတ်သွားသည်။ သီချင်းသံရှင်၏ အသံကတော့ ပြန်ပေါ်လာသည်။

"ဘယ်ကောင်လဲကွ၊ ဖခင်ဘုရင် ဗိမ္ဗိသာရ လုပ်ချင်တာ၊ ငါ့လည်း ခူနာပေါက်နေလို့ ငုံ့ထားစမ်းပါ၊ ခူနာက လက်မှာတော့ မဟုတ်ဘူး၊ လက်လိုပဲ နေရာမှာ"

ဝါးကနဲ ရယ်သံများ ပေါ်လာသည်။

တစ်ဖက်ခန်းမှလည်း ပက်ပက်စက်စက်ဆဲသံ ပြန်ပေါ်လာ၏ ။

ကျွန်တော်က အခန်းဖော်ပေါ်ဦးကို ကြည့်၍ ပြုံးလိုက်ပြီး...

"သူငယ်ချင်းတွေ ထင်တယ်"

ပေါ်ဦးက ခေါင်းခါပြ၏ ။

"ဘယ်က သူငယ်ချင်းတွေရမှာလဲဟ၊ ဒီရောက်ရင်တော့ ဒီလိုပဲ ဆဲကြ၊

ပြောကြ၊ ဆိုကြတာပဲ၊ မင်း စဉ်းစားကြည့်လေ၊ မင်းတောင်မှ ဒီကို သူငယ်ချင်း ဘယ်နှစ်ယောက်ပါလာလို့လဲ"

ကျွန်တော်က ခေါင်းညိတ်ပြရင်း...

"အေး... ဟုတ်တော့ ဟုတ်တယ်"

ပေါ်ဦး စကားကို ပြန်စဉ်းစားကြည့်သည်။ အမှန်ပင်။ ရန်ကုန် ၈/သသို့ ကျွန်တော်ပါ ထည့်ပေါင်းမှ စုစုပေါင်း နှစ်ယောက်သာ ကျွန်တော်တို့ရွာမှ ဝင်သည်။ တစ်ယောက်က ကျော်ညွန့်၊ သူက ဓာတုဗေဒ အဓိက၊ ကျောင်းစတက်သည့် နေ့ကမူ သူ့အတန်း ကိုယ်လိုက်တက်၊ ကိုယ့်အတန်း သူ လိုက်တက် လုပ်ခဲ့သော်လည်း ယခု တစ်ရက်နှစ်ရက်သာ ရှိသေးသည်။ သူလည်း သူ့ကိစ္စနှင့်သူ ဖြစ်နေ၏ ။

တက္ကသိုလ်ရောက်လာသော နယ်ကျောင်းသား မှန်သမျှသည်လည်း ကျွန်တော်တို့လိုပင် ဖြစ်ကြပါသည်။ သို့သော် ကျွန်တော်တို့လိုပင် မကြာမီ တစ်ဆောင်တည်းကျောင်းသား၊ တစ်တန်းတည်း ကျောင်းသားများသည် သူငယ်ချင်း အရင်းအချာများ ဖြစ်ကုန်ကြ၏ ။

ခုပဲကြည့်လေ၊ ပေါ်ဦးနှင့် ကျွန်တော်ဆို တစ်ခန်းတည်း အတူနေ၍ အစစအရာရာ တိုင်ပင်ဖက် ညီအစ်ကိုရင်းချာကဲ့သို့ ဖြစ်နေကြပြီ။ တစ်ဖက်ခန်းမှ ဝင်းနိုင်တို့ စန်းလွင်တို့နှင့်လည်း ထိုနည်းအတူ...။

အခေါ်အဝေါ်များသည်ပင် တွေ့စနှင့် မတူတော့။

အဆောင်ကိုရောက်သည့်နေ့ ညကပင် အသွင်ပြောင်းလဲရေးလုပ်ငန်း လုပ်ပစ်လိုက်သည်။

ပေါ်ဦးက ကျွန်တော့်ထက် နာရီပိုင်းစော၍ အဆောင်ဝင်သည်။

သူကတော့ ဟန်ကျသည်။ ရန်ကုန်တွင် သူ့အဒေါ်များရှိသဖြင့် အဆောင်မဝင်မီ သုံးလေးပတ်ထဲက ရန်ကုန် ကြိုရောက်နေသူ ဖြစ်၏ ။

ကျွန်တော်ကတော့ သူ့လို ရန်ကုန်မှာ ဆွေမျိုးညာတိ မရှိ၊ သူ့လို အဆောင်မဝင်မီ သုံးလေးပတ်စော၍ လည်း ရန်ကုန်မှာ မနေနိုင်သူဖြစ်ရာ၊ ထိုနေ့က အဆောင်ဝင် နောက်ကျသည်။

အဆောင်ရှေ့တွင် သုံးဘီးကားရပ်လိုက်သောအခါ ပါလာသော အိပ်ရာလိပ်ကိုထမ်း၊ သံသေတ္တာလေး လက်ကဆွဲ၍ အဆောင်မှူးထံ လုပ်စရာရှိသည်များကို သွားလုပ်သည်။

အားလုံး ပြီးစီးပြီဆိုမှ အခန်းရှိရာ သွားသည်။

အခန်းထဲမှာ မောင်မင်းကြီးသားက ရောက်နှင့်နေပြီ။

ကျွန်တော် ယောင်တောင်ပေါင်တောင်နှင့် ဟိုကြည့်သည်ကြည့် ကြည့်နေဆဲတွင် အသားဖြူဖြူ၊ အရပ်သွယ်သွယ်၊ ပါဝါမျက်မှန်နှင့် ကိုယ်တော်ချောက အပြုံးနှင့် ဆီးကြိုနှုတ်ဆက်၏ ။

"သူငယ်ချင်းက ဒီအခန်းမှာပဲလား၊ ကဲပြော ကိုယ် ဘာကူညီရမလဲ"

သူက ရဲရဲတင်းတင်း ဖော်ရွေနေသော်လည်း ကျွန်တော်က ပြုံးရုံသာ ပြုံး၍ ...

"ရပါတယ်..."

`ဘယ်မေဂျာကလဲ"

သည်ငနဲ အတော်လေရှည်သောငနဲ ဖြစ်၏ ။ နည်းနည်းတော့ သတိထားမှ

တက္ကသိုလ်အထာကို ကျွန်တော် အတော်လန့်နေသည်။ ဂတ္ထုစဖတ်သည် ဆိုကတည်းက တွေ့လာခဲ့သော တက္ကသိုလ်ဇာတ်လမ်းများ၊ အထူးသဖြင့် ဇဂန၏ ကောလိပ်ကျောင်းသားတို့၊ တက္ကသိုလ် ခင်မောင်အေး၏ ကံ့ကော်တောကို စွန့်ခဲ့ပြီ တို့မှ သိန်းဖေ၊ မောင်ရှိန် တို့ကဲ့သို့သော လူရွှင်လူပြောင်၊ လူသွက်၊ လူနောက်များကို

ဖတ်တုန်းက နှစ်နှစ်ခြိုက်ခြိုက် ဖတ်ခဲ့သော်လည်း ကိုယ်တိုင် ရောက်လာသောအခါ ခံရမှာ ကြောက်နေသည်။

သို့သော် ခုထိတော့ ခံရစရာ သိပ်အကြောင်းမမြင်သေးသဖြင့်

"ဘားမိစ်... ပါ"

မြန်မာစာအဓိကဟု ဆိုလိုက်သည်နှင့် သူ့မျက်နှာ ဝင်းကနဲ ဖြစ်သွား၏။

"ဟာ... ဒါဖြင့် ကိုယ်နဲ့အတူတူပဲပေ့ါ၊ ဘယ်နယ်ကလဲ"

ကျွန်တော်က ကျွန်တော်တို့အရပ်ကို ပြောပြလိုက်၏။ သူက ခေါင်းညိတ်ရင်း...

"အော်.. အနီးကလေးပဲ၊ ကိုယ်တို့က မန္တလေးကပါ၊ ကိုယ့်နာမည် ပေါ်ဦး"

အသားဖြူဖြူ၊ မျက်မှန်နှင့် သဘောကောင်းဟန်၊ ဖော်ရွေဟန်ရှိသော မန္တလေးသား၏ ရာဇဝင်နှင့် ချီလာသော အမည်ကြောင့် ကျွန်တော် ပြုံးစစ ဖြစ်သွားသည်။

"ကျွန်တော်က ထွန်းဝေပါ"

"ဟာ... ကိုယ်သိပ်ကြိုက်တဲ့ မင်းသားပေ့ါ"

စကားများသော မန္တလေးသားက အထွန့်လေးနှင့် ထပ်ဖြည့်သည်။

သို့သော် သည်စကားများသော ပေါ်ဦးကြောင့် ကျွန်တော်တို့ အခန်းနားနီးပါး သူငယ်ချင်းများနှင့် ရင်းနှီးမှု ပိုလာကြသည်။

ထိုနေ့ ညဖက်တွင် မန္တလေးသား ပေါ်ဦးက သူတို့မြို့မှ နာမည်ကျော် လက်ဖက်စုံသုတ်ဖြင့် ဧည့်ခံ၍ မိတ်ဆုံစားပွဲလေးတစ်ခု လုပ်သည်။

ထိုဝိုင်းသို့ အခန်းနီးနားမှ ဝင်းနိုင်၊ စန်းလွင်၊ အောင်လင်း၊ ခင်မောင်ထွေး စသည်တို့ တက်ကြသည်။

ဝိုင်း စ,စဉ်ကတော့ တစ်ယောက်နှင့်တစ်ယောက် တွေ့စ ခင်စ ဖြစ်နေသဖြင့် အခေါ်အဝေါ်ကအစ သိမ်မွေ့လှ၏ ။

"လာဗျာ... ကိုဝင်းနိုင်"

"ဟုတ်ကဲ့... ကိုပေါ်ဦး"

"ထိုင်လေ... ကိုစန်းလွင်ရဲ့"

ဘာညာနှင့် သူများကိုလည်း ကိုကလေးတပ်၊ ကိုယ့်ကိုကိုယ်လည်း ကျွန်တော်သုံးနှင့် ယဉ်ကျေးမှုလေးများ ပါနေကြသည်။ စကားလည်း သိပ်ပွင့်ပွင့် မပြောရဲသေး၊ ဟန်လောက်သာ။

သည်မှာ ပေါ်ဦးက စကားတစ်ခု စ,လိုက်၏ ။

"ဒီမှာ သူငယ်ချင်းတို့၊ မင်းတို့ကို ငါ တစ်ခုပြောမယ်၊ တို့တတွေက တစ်နယ်တစ်ကျေးဆီကနေ မိကွဲ ဖကွဲ၊ ဆွေကွဲ မျိုးကွဲ၊ မိတ်ကွဲ ဆွေကွဲ လာခဲ့ရတာ ၊ နောက်ပြီး လေးငါးနှစ်ယောက် အတူတူ နေရဦးမှာ"

သူ့စကားဆီ အားလုံး၏ အာရုံများ ရောက်သွား၏ ။

"ဒီတော့ တစ်ယောက်နဲ့တစ်ယောက် ဟန်တွေပန်တွေနဲ့ မနေချင်ဘူးကွာ၊ ငယ်ပေါင်းကြီးဖော်တွေလိုပဲ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး နေကြချင်တယ်၊ ဘယ့်နှယ်လဲ"

"ကြိုက်တာပေ့ါ... ကျွန်တော်တို့လည်း ဒီလိုပဲ ဖြစ်ချင်တာပဲ"

ခင်မောင်ထွေးက ခပ်သွက်သွက် ထောက်ပေးသည်။ ပေါ်ဦးက ကျန်လူများကိုလည်း ဆန္ဒယူသလို လှမ်းကြည့်၏ ။

"ကောင်းတာပေ့ါဗျာ"

ကျွန်တော် ဝင်ပြောလိုက်သောစကားကို ဝင်းနိုင်က ပြုံး၍

ထောက်ခံသည်။ ပိန်ညှောင်ညှောင် ခါးကုန်းကုန်း သွားခေါခေါ အသားဖြူဖြူနှင့် အောင်လင်းဆိုသော ကျောင်းသားကလည်း ခေါင်းတညိတ်ညိတ် လုပ်နေ၏ ။

"ဒါဖြင့်ရင် အခု မင်းတို့ခေါ်ပြောနေသလို ခင်ဗျားတို့၊ ကျွန်တော်တို့၊ ကိုဘယ်သူ၊ ကိုဘယ်ဝါဆိုတာတွေ ပြင်ကွာ၊ ငယ်သူငယ်ချင်းတွေလိုပဲ မင်း၊ ငါ၊ ပေါကြီး၊ ထွန်းဝေ၊ ဝင်းနိုင် ဘာညာပဲ ခေါ်မယ်... ဘယ်လိုလဲ"

"လုပ်လိုက်လေ... ကြာသလားလို့"

အခန်း၏ ထောင့်တွင် ထိုင်နေသော စန်းလွင်က ဝင်သော၏ ။

အားလုံးကလည်း ပြုံး၍ ခေါင်းညိတ်လက်ခံသည်။

"တို့တတွေဟာ ဒီအသုံးအနှုန်းလေးတွေသုံးဖို့ နောင် မလွယ်တော့ဘူး သူငယ်ချင်းတို့၊ ဒီလိုပေါင်းပြီး ဒီလိုခေါ်နိုင်တာ တက္ကသိုလ်နယ်မြေဟာ နောက်ဆုံးဖြစ်လိမ့်မယ် ထင်တယ်၊ နောက်ဆို လူကြီးလိုနေ၊ လူကြီးလိုဟန်ဆောင်ပြီး ဒီလိုခေါ်ရမယ့်သူ တို့ဘဝမှာ ရှိမှာမဟုတ်တော့ဘူး"

"ငေးလှချည်လား ထွန်းဝေ... ဘာဆွေးနေတာလဲ"

ပေါကြီးက လှမ်းမေးလိုက်မှ ကျွန်တော့်အတွေးများ ပြတ်သွားသည်။

"အော် မဟုတ်ပါဘူး၊ တို့စတွေ့တဲ့နေ့က မင်းပြောတဲ့စကားတွေ သတိရလို့"

ပေါကြီး ကျေနပ်စွာ ပြုံးသည်။

"ငါပြောတ မဟုတ်ဘူးလား၊ ခုလို မင်းနဲ့ ငါနဲ့ ပြောပြီး လွတ်လွတ်လပ်လပ် နေရတာ မကောင်းဘူးလား"

ကျွန်တော်က သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း...

"ဟုတ်တယ် မင်း မဆိုဘူးကွာ၊ အဲဒီ တုန်းက မင်း ပြောလိုက်တာ

ငါတောင် မျက်ရည်ဝဲသွားတယ်"

ပေါဦးမျက်နှာ တည်ငြိမ်သွားသည်။ ပြီးမှ လေးလေးနက်နက် လေသံဖြင့် ဖြည်းညှင်းစွာ ပြောသည်။

"တို့တွေ ကလေးလိုနေရဖို့၊ တစ်ဘဝလုံးမှာ လေးနှစ်လောက်ပဲ လိုတော့တယ်နော်..."

သူ့စကားမှာ တွေးစရာတွေ အများကြီးပါသည်။ အညာသား မပီသစွာ အသားဖြူ၍ ပါးစပ်အငြိမ်မနေတတ်သော ပေါဦးသည် အမည်နှင့်လိုက်အောင် ကတ်သီးကတ်ဖဲ့ တွေးတတ်၊ ခံစားတတ်သည်မှာ ချစ်စရာ။ ကဗျာလေးစာလေး ရေးလေ့ရေးထရှိနေပြီဖြစ်သော ကျွန်တော်သည်ပင် သူ့လို နက်နက်နဲနဲ မခံစားတတ်။

"ထွန်းဝေ... မင်း တက္ကသိုလ်ကို မချစ်ဘူးလား"

ကျွန်တော် သူ့အကြောင်းတွေးနေစဉ် သူ ဘာကိုတွေးမိသည် မသိ၊ ဖြတ်ကနဲ အမေးတစ်ခု ကျွန်တော့်ဆီ ရောက်လာသည်။ ကျွန်တော့်ဆီမှ အဖြေကလည်း ဆိုင်းစရာမရှိ။

"ချစ်တာပေါ့ကွာ၊ အထူးသဖြင့် ကံ့ကော်ပင်တွေပဲ၊ ငါ နေ့တိုင်း ဒီပြတင်းပေါက်ကနေ မြင်နေတဲ့ တို့အဆောင်ရှေ့က ကံ့ကော်ပင်တွေကို ကြည့်ပြီး ခံစားနေတာ၊ ပြီးတော့ စာကြည့်တိုက်ဘေးက ကံ့ကော်ပင်အုပ်စုကိုလည်း သိပ်သဘောကျတာပဲ"

"အဲဒါ တက္ကသိုလ်က နာမည်ကြီး ကံ့ကော်တောပေါ့"

"ကံ့ကော်ပင်တွေတွေ့ရင် ရွာကိုလည်း သတိရတယ်၊ တို့အထက်တန်းကျောင်းရှေ့မှာ ကံ့ကော်ပင်တွေ ရှိတယ်ကွ"

"ဘာလဲ ကံ့ကော်ပင်အောက်က ကြိုနေမယ့် ကောင်မလေးကိုလား"

သူက ရယ်ကျဲကျဲနှင့် ဝင်နောက်၏။ ကျွန်တော် ခေါင်းခါပြီး...

"မဟုတ်ပါဘူး၊ ဘာမှမဆိုင်ဘူး၊ ရည်စားများ မူးလို့တောင် ရှူစရာမရှိဘူး"

"ဘာလဲ ဘုန်းကြီးဝတ်မလို့လား"

"မဟုတ်ဘူး၊ တက္ကသိုလ်ရောက်မှ ပိုးဖို့ချန်ထားတာ"

"ကောင်းတယ်... ငါလည်း ဒီလိုပဲ"

နှစ်ယောက်သား ရယ်လိုက်ကြ၏။ ပွင့်လင်းပျော်ရွှင်၍ မျှော်လင့်ချက်ဖြင့် ပြွမ်းသော ရယ်သံများ...။

ရယ်နေရင်းနှင့်ပင် ကျွန်တော်က မှတ်မှတ်ရရ ပြောလိုက်၏။

"တို့တက္ကသိုလ်ကြီးဟာ တကယ်လှတယ်ကွ နော်၊ စိတ်ကူးယဉ်စရာလည်း သိပ်ကောင်းတယ်၊ ကံ့ကော်ပင်တွေ၊ စိန်ပန်းပင်တွေ၊ ရေတမာပင်တွေ၊ ပြီးတော့ သစ်ပုတ်ပင်၊ ဂျပ်ဆင်ဘွဲ့နှင့်သဘင် ခန်းမကြီး၊ ပြီးတော့ အင်းလျားကန် အဲ... ပြီးတော့ အင်မတန်လှပြီး ပိုလှအောင် ဝတ်ဆင်တတ်တဲ့ ကောင်မလေး လှလှလေးတွေ၊ ငါတော့ တက္ကသိုလ်ကို ချစ်သွားပြီ"

"ငါတော့ ကောင်မလေးလှလှလေးတွေကို ပိုချစ်တယ်"

နှစ်ယောက်သား ရယ်လိုက်ကြပြန်သည်။

"လုပ်မနေနဲ့ဟေ့၊ ငါက မင်းတို့အရင် ပိုချစ်ထားတာ"

နောက်ဖက်ခန်းမှ အမှတ်မထင် ပေါ်လာသော အသံကြောင့် နှစ်ယောက်သား မျက်လုံးပြူးသွား၏။

ကျွန်တော်တို့ စကားများကို အခြားအခန်းများမှလည်း နားထောင်နိုင် နားထောင်နေကြပါလားဟု သတိပြုလိုက်မိ၏။

"ဟော့ကောင်တွေ… ငါ့ကွယ်ရာမှာ မင်းတို့ သူများသားမယားကို မပစ်မှားနဲ့နော်၊ ဒုသနသောဆိုတာ သိပ်အပြစ်ကြီးတာ၊ မနေ့ကပဲ ငါ ကောင်မလေးတွေ အကုန်လုံးကို ငါ့ဖက်က ငါယူပြီးသား၊ လက်တောင် ထပ်ပြီးပြီ"

ဘေးခန်းမှ အသံ…။

ကျွန်တော် ပြုံးလိုက်မိ၏ ။

*

အဲဒီ တုန်းကစပြီး ကိုယ့်ရင်ထဲမှာ အချစ်ဆိုတဲ့ ငှက်ကလေးဟာ ဥကပေါက်လာတယ်ပေါ့ ခင်လေးရယ်..။

ဒါပေမယ့် ပိုက်ရှင်မဲ့ ပါ။

ချစ်စရာကောင်းတဲ့ နယ်မြေလေးတစ်ခုက ရိုက်ခတ်လာတဲ့ မေတ္တာလှိုင်းလေးတွေကြောင့် နှလုံးသားလေး နိုးကြားစပြုလာခြင်းရယ်ပါ…

အချစ်ဆုံး ခင်လေးရေ…

တကယ်တော့ တက္ကသိုလ်ဆိုတာ မချစ်တတ်သေးတဲ့ လူတွေကို ချစ်တတ်အောင်သင်ပေးတဲ့ ကျောင်းတော်ကြီးလဲ ဖြစ်ပါသေး… ရဲ့။

*

ဝေါကနဲရယ်သံများ တစ်ခန်းလုံး ဆူညံ့သွားသည်။

ရယ်သံများကြားရမှ မှားသွားမှန်းသိပြီး ကမန်းကတန်း ပြန်ထိုင်ကြသည်။ ရှက်ရှက်နှင့် လုပ်မိလုပ်ရာများလည်း လုပ်ကုန်ကြ၏ ။

ယောကျ်ားလေးများက ပါးစပ်ကြီးများဖြဲ၍ တဟားဟား အရှက်ဖြေရယ်၏ ။ မိန်းကလေးများကမူ ခုံပေါ်တွင် မျက်နှာမှောက်၍ ရယ်ရင်း အရှက်ပြေအောင် ပြုကြသည်။

ဖြစ်ပုံက သည်လို…

တက္ကသိုလ်ရောက်၍ သာ တက္ကသိုလ်ကျောင်းသား တက္ကသိုလ်ကျောင်းသူများ ဖြစ်လာရသည့် ကျွန်တော်တို့မှာ တက္ကသိုလ်၏ သဘာဂကို ဘာမှသိကြသည် မဟုတ်သေး။

အထက်တန်းကျောင်းတုန်းကလိုပင် ဆရာ ဝင်မလာမီ၊ အတန်းထဲတွင်ထိုင်၍ တောင်ပြောမြောက်ပြော လုပ်နေကြသည်။ အနီးအနားလူများနှင့် စကားစရှာ၍ မိတ်ဆွေဖွဲ့ကြ၊ မျက်မှန်းတမ်းမိသူများ၊ သိပြီးသူများနှင့် အတွေ့အကြုံသစ်များ ဖလှယ်၊ ရှေးဖြစ်ဟောင်းများ ပြောကြနှင့် ထင်ရာလုပ်နေကြ၏ ။ တချို့ကလည်း တောင်တွေးမြောက်တွေးနှင့်…။

ထိုစဉ် အတန်းထဲသို့ ဆရာဖြုန်းကနဲ ဝင်လာလိုက်သောအခါ ငယ်ကျင့်အတိုင်း ကမန်းကတန်း ထရပ်ကြသည်။ တချို့က မင်္ဂလာပါဆရာ ဆိုသော စကားပင် တစ်ဝက်တစ်ပျက် ဆိုပြီးနေကြပြီ။

တက္ကသိုလ်မှာက သည်ထုံးစံမရှိ။

ထို့ကြောင့် အကြောင်းသိများ၊ နှစ်ကျများနှင့် အခန်းအပြင်ဘက်မှ ကျောင်းသူသစ်များကို မျက်စေ့အားဆေး ကျွေးနေကြသည့် ကိုယ်တော်ကြီး

ကိုယ်တော်လတ်တို့က ဝိုင်းဟားသည်။

သည်အဖြစ်သည် ကျောင်းစတက်ပြီး သုံးလေးရက်ရှိသည်အထိ မပျောက်သေး၊ တစ်ခါမဟုတ် တစ်ခါတော့ ဖြစ်နေသေးသည်။

နောက်ပိုင်း ဟားသူများထဲတွင် စောစောပိုင်းက ရှက်ပြီး လူများပါ၏ ။

ငယ်ကျင့်ဆိုသည်မှာ ပျောက်နိုင်ခဲပါသည်။ သူငယ်တန်းမှစ၍ ဆယ်သုံးလေးနှစ်လောက် ရလာသောအကျင့်ကို ဖြုန်းစားကြီးဖျောက်ရန် ခက်လှသည်။

ယခုလည်း ဆရာဝင်လာခိုက် တချို့တစ်ဝက်က မတ်တတ်ထရပ်လိုက်သဖြင့် တခန်းလုံး ရယ်သံများ ဆူညံ့သွားခြင်း ဖြစ်သည်။

ဝေါကနဲ ရယ်သံ၏ အနက်ကို ဆရာက ရိပ်မိသည်။ ဆရာက ရောရယ်လိုက်သည်။ ရယ်သံများ ရပ်သွားမှ ဆရာက တည်ငြိမ်သောလေသံဖြင့် စကားစ,သည်။

"အေးကွာ... မင်းတို့ ဘာဖြစ်တယ်ဆိုတာ ဆရာ သဘောပေါက်ပါတယ်၊ ဒီအဖြစ်မျိုးတွေက ဆန်းတော့ မဆန်းပါဘူး၊ နှစ်တိုင်းနှစ်တိုင်း နှစ်စမှာ တွေ့နေကျပါပဲ၊ ရယ်တော့ ရယ်စရာပေါ့ကွာ၊ ငကြောင်ကြီးတွေ ဖြစ်သွားတာကိုး"

ရယ်သံတချို့ ပေါ်လာ၏ ။

"အမှန်တော့ ဒါက ရယ်စရာ မဟုတ်ဘူး တပည့်တို့၊ ဆရာပြောမယ်၊ မင်းတို့ သေသေချာချာ သဘောပေါက်အောင် စဉ်းစားကြည့်၊ ဒီကိစ္စလေးဟာ တကယ်တော့ လွမ်းစရာလေးကွ..."

ဆရာ၏ အောင်မြင်သောအသံအောက်တွင် ကျောင်းသားကျောင်းသူများ ငြိမ်သွားသည်။ မျက်နှာချိုချိုဖြင့် သဘောကောင်းဟန်ရှိသော ဆရာက စကားဆက်၏ ။

"ဆရာဆိုရင်၊ ဒီလိုမျိုး မင်္ဂလာပါဆိုဖို့ ထရပ်တဲ့ ကျောင်းသားသစ်တွေရဲ့ အဖြစ်ကိုမြင်တိုင်း ရင်ထဲမှာ လှပ်ကနဲ တုန်ခါသွားတယ်"

ကျောင်းဆရာလည်း ဖြစ်၊ စာရေးဆရာလည်း ဖြစ်သော ဆရာ၏ စကားလုံးနှင့် လေသံများသည် တဖြည်းဖြည်း ဆွေးရိပ်လွှမ်းလာသည်။

"လွမ်းစရာတစ်ခုက... အော်... တို့ငယ်ငယ်က တမွန်တမြတ် ထိန်းသိမ်းခဲ့တဲ့ အလေ့အကျင့်ကောင်းလေးတစ်ခု ပျက်သွားတော့မှာပါလားဆိုတဲ့ အသိ၊ နောက် လွမ်းစရာတစ်ခုက တို့များဟာ ဟိုးငယ်စဉ်ထဲက အတူနေလာခဲ့တဲ့ ငယ်ကျောင်း၊ ငယ်ဆရာ၊ ငယ်ဆရာမတွေနဲ့ ငယ်သူငယ်ချင်းတွေ၊ ငယ်စာတွေနဲ့ ဝေးခဲ့ပါပြီကောဆိုတဲ့ အသိပဲ..."

ကျွန်တော့်ရင်ထဲတွင်လည်း ဆရာပြောသည့်နည်းတူ တုန်လှုပ်ခါလာသည်။

"ပြီးတော့ တို့ဟာ အင်မတန်ချစ်စရာကောင်းတဲ့ ငယ်ဘဝလေးတွေကို ထားခဲ့လိုက်ရပြီ၊ ပျော်စရာ ငယ်ဘဝလေးတွေ ကုန်ဆုံးသွားပြီ၊ ဒီဘဝလေးတွေကို ဘယ်တော့မှ ပြန်မရနိုင်တော့ပါလား လို့လဲ သတိပြုမိရော... ကြောက်လန့်တကြားနဲ့ ချောက်ချောက်ချားချားလေး လွမ်းလာမိတယ်..."

အားလုံး၏ မျက်နှာများတွင် အရိပ်တမျိုးကို တွေ့လိုက်ရ၏ ။

"အမှန်တော့ တက္ကသိုလ်ဆိုတာ လူကြီးဖြစ်ဖို့ အစပျိုးပေးလိုက်တဲ့ နေရာပဲ"

ဆရာ့စကားများ ရင်ထဲတွင် ပဲ့တင်ထပ်သွားသည်။

"ဒီတော့... လွမ်းစရာ ဆိုတာကတော့ လွမ်းတတ်ရင် ရှိနေတာပဲမို့ အလွမ်းရှုဒေါင့်ကချည့် ကြည့်ရင်လည်း ဘဝအမြင်ဟာ မမှန်နိုင်သေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တို့များ တက္ကသိုလ်ရောက်ဖို့ ကြိုးစားလာခဲ့ရတာ လေးတွေ

ပြန်တွေးကြည့်ပေါ့၊ ဘယ်သူများ တက္ကသိုလ်ကို လွယ်လွယ်လေးနဲ့ ရောက်လာခဲ့လို့လဲ..."

ဆရာ့စကားကြောင့် ရင်ထဲတွင် နင့်ကနဲ ခံစားလိုက်ရသည်။

"တစ်ချို့က ဘဝအခြေအနေကောင်းလို့ စာကြိုးစားရုံသက်သက်နဲ့ ရောက်လာခဲ့ရတယ်၊ ဒါလည်း လွယ်လွယ်လေးလို့ ဆိုလို့မရဘူး၊ တချို့ကျတော့ စာကြိုးစားရုံတင် မဟုတ်ဘူး၊ ဘဝရဲ့ များမြောင်လှတဲ့ အဆီးအတား တော်တော်များများကို ဖြတ်သန်းပြီးမှ တက္ကသိုလ် ရောက်လာခဲ့ရတာ ..."

ဆရာ၏ စကားမြွားဦးသည် တခြားလူများကိုတော့ မသိ၊ ကျွန်တော့်ရင်ဆီသို့ကား တန်းတန်းမတ်မတ်နှင့် နက်နက်ရှိုင်းရှိုင်း လာရောက်ထိမှန်သည်။

ပုံ့ထွက်သွားသော အတွေးစတွင် အမေ့မျက်နှာက ဦးစွာ လာထင်၏ ။

"သားကိုတော့ တက္ကသိုလ်ပို့ဖြစ်အောင် ပို့ရမယ် သား"

ထိုစကားကို ဆိုစဉ်က အမေ့မျက်လုံးအိမ်တွင် မျက်ရည်စများ ဝဲနေခဲ့၏ ။

"အမေ့ဘဝမှာ နောက်ဆုံး မျှော်လင့်အားထားထားတာဆိုလို့ ဒါပဲရှိတော့တယ်"

မျက်ရည်စများကြားမှ ပြုံးလိုက်သော အမေ့အပြုံးသည် ကျွန်တော့်ရင်ကို ပို၍ ထိခိုက်စေ၏ ။

လူ့ဘဝတွင် ဘယ်သောအခါမှ ပြန်၍ တွေ့ဆုံရတော့မည် မဟုတ်သော အဖေ့မျက်နှာကို ဖြတ်ကနဲ မြင်ယောင်သည်။ အမေသည် အဖေဖြစ်သွား၍ အဖေပျောက်သွားသောအခါ အမေ့ကို ပြန်မြင်သည်။

"ခုဆို သား ဆယ်တန်းအောင်ပြီ၊ သတင်းစာတွေထဲကလို

ဂုဏ်ထူးလေးငါးခြောက်ခု မပါဘူးပဲထား၊ ဆရာဝန်ကြီး အင်ဂျင်နီယာကြီး မဖြစ်ဘူးပဲထား၊ တို့ရွာလေးမှာဆို သားအနေနဲ့ ဂုဏ်ယူထိုက်တဲ့ ကျောင်းသားတစ်ယောက်တော့ ဖြစ်နေပါပြီ"

အမေ့စကားအဆုံးတွင် စာမေးပွဲအောင်စာရင်း ထွက်စဉ်က ကျွန်တော့်အမည်ဘေးတွင် ယှဉ်တွဲပါလာသော `မာ� ဆိုသည့် စာလုံးလေးကို ပြေးမြင်လိုက်မိသည်။

ကျွန်တော်တို့ရွာကလေး အတိုင်းအတာနှင့်သာ ကြည့်မည်ဆိုပါက သုံးလေးငါးယောက်သာ အောင်စာရင်းတွင် အမည်ချိတ်နိုင်၏။ ထိုအထဲတွင် ဆယ်တန်းကို နှစ်ချင်းပေါက် ဂုဏ်ထူးတစ်ဘာသာ၊ မြန်မာစာနှင့် အောင်သည်ဆိုသော အဆင့်မှာ သိပ်အသေးလေး မဟုတ်။

သို့သော် ဒါကြောင့်ချည့်မဟုတ်။

ဆယ်တန်းအောင်လျှင် နှစ်ချင်းပေါက်သည် ဖြစ်စေ၊ မပေါက်သည်ဖြစ်စေ၊ ဂုဏ်ထူးပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ `က �စာရင်းသာဆိုပါက တက္ကသိုလ်တက်ရဖို့ သေချာနိုင်သည်ပင်။

အမေက သည်လိုပြောတော့ ကျွန်တော် ဝမ်းသာရသည်။

ကျွန်တော့်မှာ ဆယ်တန်းအောင်မှ မဟုတ်၊ ကျောင်းနေလာ၍ စာကို သွက်သွက်ဖတ်နိုင်ချိန်၊ အထူးသဖြင့် ဝတ္ထုစာအုပ်များ စ,ဖတ်ကတည်းက တက္ကသိုလ်ရူး ရူးခဲ့သည်။

ဆရာ သိန်းဖေမြင့်၊ ဆရာ ဇဂနတို့ ခေတ်က ကောလိပ်ကျောင်းသားများအကြောင်း ဖတ်ရသည့်အခါတွင်လည်း သူ့အရသာနှင့်သူ အားကျမိခဲ့သည်။ ဆရာ အောင်လင်းတို့၊ ဆရာဘုန်းနိုင်တို့ခေတ် တက္ကသိုလ်အကြောင်း ဖတ်ရပြန်တော့လည်း သူ့အချိန်နှင့်သူ ပျော်စရာကောင်းသည်များကို တွေ့၍ အရူးဒီဂရီ တက်ခဲ့မိသည်။

ဒီဘက်ခေတ် တက္ကသိုလ်ဂုတ္တုများ ဖတ်ရပြန်တော့ ကိုယ့်ခေတ်နှင့်ကိုယ်ဟပ်ပြီး နေမြင့်သလို အရူးရင့်ခဲ့သည်။

စင်စစ် တက္ကသိုလ်ဆိုသည်မှာ ဘယ်အချိန်မဆို လှပနေ၍ ဘယ်အခါမဆို ပျော်ရွှင်ကြည်နူးစရာ ကောင်းသည်ဟု ကျွန်တော် တွေးခဲ့မိ၏။

သို့သော် တကယ်ဆယ်တန်းအောင်သောအခါ ကျွန်တော့်မှာ ရူးသလောက် မပျော်နိုင်တော့။

အောင်စာရင်း ထွက်သောနေ့ကဆို ကျွန်တော် မျက်ရည်ကြိတ်ကျခဲ့ရသည်။

"ဟ… ဘာလဲကွ ထွန်းဝေရ၊ သူများတွေပြောသလို ဂမ်းသာလွန်းလို့ ကျတဲ့မျက်ရည်လား"

အောင်စာရင်း ကြည့်အပြီး နှစ်ယောက်သား ဂမ်းသာအားရနှင့် ရွှေရင်မျှော်တောင်ပေါ် တက်လာကြသည်။ ဘုရားပေါ်ရောက်၍ ဦးချပြီးသောအခါ ဗုဒ္ဓရှင်တော်မြတ်၏ မျက်နှာတော်ကို အသေအချာဖူးရင်း ကျွန်တော် မျက်ရည်ကျသောအခါ ကျော်ညွန့်ကလည်း နားမလည်၊ အံ့သြစွာ မေးလိုက်၏။

ကျလာသော မျက်ရည်ကို စင်အောင်သုတ်ပြီး ကျွန်တော် သူ့ကို ခေါင်းခါပြသည်။ သူ ပို၍ နားမလည်သွားဟန် တူ၏။

"ဒါဖြင့် ဘာဖြစ်လို့လဲ ထွန်းဝေ"

ထိန်းမရသဖြင့် မျက်ရည်တစ်ပေါက် ကျသွားမိသော်လည်း ယောကျ်ားတစ်ယောက် ဟူသော ကန့်သတ်ချက်ဖြင့် ကျွန်တော် ထပ်မျက်ရည်မကျတော့၊ သို့သော် ရင်ထဲက ဝေဒနာကိုမူ အချစ်ဆုံး သူငယ်ချင်းအား ဖွင့်ပြောလိုက်ချင်လာသည်။

"ငါ ဂမ်းနည်းသွားတယ် ကျော်ညွန့်၊ ငါ့ဘဂကို ငါ တွေးမိလို့ ဆိုပါတော့"

"မင်းဘဂက ဘာဖြစ်နေလို့လဲ"

ကျော်ညွန့်ရင်ထဲတွင် ရှုပ်ထွေးသွားဟန် တူသည်။ သူ့လေသံက ဆတ်နေ၏ ။

"ငါ တက္ကသိုလ် ဆက်တက်ချင်မှ တက်နိုင်မယ် ကျော်ညွန့်"

"ဘာ...ဘာဆိုင်လို့လဲ"

"ဆိုင်တယ် ကျော်ညွန့်၊ မင်းသိတဲ့အတိုင်း ငါ့အိမ်အခြေအနေက သိပ်ကောင်းတာ မဟုတ်ဘူး၊ အဖေမရှိဘူးကွာ၊ အမေ မုဆိုးမနဲ့ နေရတယ်၊ အမေ့ ကုန်ခြောက်ဆိုင်လေး ဆိုတာကလည်း ဒီလောက်ကြီး ဝင်ငွေကောင်းလှတာ မဟုတ်ဘူး"

ကျွန်တော့်စကားကို ကျော်ညွန့်က ခေါင်းခါ၍ ဝင်ဖြတ်သည်။

"ဒါနဲ့ တက္ကသိုလ်တက်တာနဲ့ ဘာဆိုင်လို့လဲ"

အ,ယောင်ပြုနေသော သူ့ကို စိတ်မရှည်ချင်တော့။

"ဆိုင်တာပေါ့ကွ၊ တက္ကသိုလ်ဆိုတာ တော်ရုံငွေကြေးပမာဏနဲ့ တက်နိုင်တာ မဟုတ်ဘူး၊ တစ်လတစ်လကို ကျောင်းစရိတ်၊ စားစရိတ်၊ နေစရိတ် နည်းနည်းနောနော ကုန်တာ မဟုတ်ဘူး"

"ဟာ... ဒါတော့ ဒါပေါ့ကွ၊ ဒါပေမယ့် ဖြစ်အောင်တော့ လုပ်ယူရမှာပေါ့၊ တို့လည်း ရှိတာပဲ၊ နောက်ပြီး စတိုင်ပင်တွေ ဘာတွေလည်း လျှောက်လို့ရပါတယ်"

ထိုစဉ်က သူ့စကားကို အလိုက်သင့် နားထောင်ခဲ့သော်လည်း အမေနှင့်ပတ်သက်၍ စိတ်ပူခဲ့၏ ။

အမေက တက္ကသိုလ်ပို့ဖြစ်အောင် ပို့မည်ဟု ပြောသောအခါ ကျွန်တော့်မျှော်လင့်ချက်လေးသည် တဖန်ပြန်၍ ပီပီပြင်ပြင် ဖြစ်လာခဲ့၏ ။

အမေမျက်နှာသည် မျက်ရည်ဝဲနေသည့်ကြားမှ မာန်ရိပ်လေးဝင်နေသည်။

"အမေ့မှာ ဆွေရယ်မျိုးရယ် ရှိတာမဟုတ်ဘူး သား၊ တစ်ကောင်ကြွက်ဘဝနဲ့ မင်းအဖေရှိတဲ့နေရာကို လင်တစ်မျက်နှာ တစ်ရွာထင်ပြီး လိုက်လာခဲ့ရတာ ၊ မင်းအဖေရှိစဉ်တုန်းကလည်း သူ့ဆွေမျိုးဆိုတဲ့ လူတွေက ဘယ်သူမှ ဆေးဖော်ကျောဖက် လုပ်တာမဟုတ်ဘူး"

တောသူဌေးသားဘဝမှ အမေလိုစာမတတ်ပေမတတ် သာမန် ကောက်စိုက်သမတစ်ယောက်ကို ယူလိုက်သဖြင့် အဖေမှာ သူ့ဆွေမျိုးကြားတွင် သိသိသာသာ မျက်နှာငယ်ခဲ့ရသည်။

"ခု မင်းအဖေမရှိတော့ ပိုဆိုးတာပေါ့"

အဖေ့အသုဘ၌ ပင် တစ်ယောက်မှ မလာကြသော အဖေ့ဆွေမျိုးသားချင်းဆိုသူများကို ရင်ထဲနာသွား၏ ။

"ဒါပေမယ့်... သူတို့မှာ ရှိတာဘာလဲသား၊ ပိုက်ဆံပဲ မဟုတ်လား၊ တစ်ဆွေလုံး တစ်မျိုးလုံးပေါင်းမှ ခုနှစ်တန်းတောင် မပြည့်ဘဲ ငွေမာန်တွေ့တက်ပြီး လူကိုလူလို မမှတ်နိုင်ကြတာတွေပေါ့၊ ကျောင်းမှာ သားပညာထူးချွန်တယ်ဆိုတဲ့ သတင်းကြားတိုင်း သူတို့ တွန့်တွန့်လူးခဲ့ကြတယ် မဟုတ်လား"

အမေ့မျက်လုံးများသည် မျက်ရည်များအစား စူးရှတောက်ပခြင်းများ အစားထိုးဝင်ရောက်လာသည်။

"ခု... သားက အဖေတွေ အမေတွေ မျက်နှာငယ်ခဲ့သမျှကို ပြန်ပြီး ဂုဏ်တင်ပေးရတော့မယ် သား၊ သား တက္ကသိုလ်ကျောင်းကို တက်ဖြစ်အောင် တက်ရမယ်၊ ဘွဲ့ရပညာတတ်ကြီးတစ်ယောက် ဖြစ်ကိုဖြစ်ရမယ်"

ဤသို့ဖြင့် တက္ကသိုလ်ကျောင်းများ ဖွင့်ချိန်ရောက်သောအခါ

ကျွန်တော်သည် မြန်မာစာအဓိကဖြင့် ရန်ကုန်တက္ကသိုလ်သို့ ရောက်ခဲ့တော့၏ ။

ရွာမှ ထွက်လာခါနီး တွင် အမေ မျက်ရည်ကျသကဲ့သို့ ရွှေဘိုဆောင်အတွင်းသို့ ကံ့ကောရိပ်များကြားမှ ဖြတ်ဝင်လာသောအခါ ကျွန်တော့်ရင်ထဲသည် ဝမ်းသာမှုဖြင့် တလှပ်လှပ် တုန်ခါနေခဲ့တော့သည်။

"တကယ်တော့ တပည့်တို့ရေ... တို့တတွေဟာ ဘယ်တော့မှ နောက်ကြောင်း ပြန်လှည့်လို့မရတဲ့ ခရီးရှည်ကြီးတစ်ခုကို သွားနေရတာ ပဲကွ၊ ဖြတ်လာခဲ့တဲ့ ခရီးလေးတွေကို လွမ်းနေပေမယ့် တမ်းတချိန်မရတော့ပါဘူးကွာ"

ဆရာ့စကားများ ပြန်ကြားလာသည်။

"တခြားမကြည့်နဲ့၊ တက္ကသိုလ်က ကံ့ကော်ပင်လေးတွေကိုပဲ ကြည့်၊ မနှစ်က ကြွေသွားတဲ့ အပွင့်လေးတွေကို သူ မလွမ်းတော့ဘူး၊ လွမ်းနေရင် ဒီနှစ် ပွင့်နိုင်မှာ မဟုတ်ဘူး၊ ဒီနှစ် တက္ကသိုလ်မှာ ကံ့ကော်တွေ ပွင့်မှာပါ... မယုံရင် စောင့်ကြည့်"

ဆရာက မလွမ်းနဲ့ဆိုကာမှ ပို၍ လွမ်းလာတော့သည်။

*

လူဆိုတာ လွမ်းတော့ ဘယ်လွမ်းချင်ပ့ါမလဲ ခင်လေးရယ်...

မဟုတ်ဘူးလား။

လွမ်းတယ်ဆိုတဲ့ကိစ္စဟာ နာမည်လေးလှသလောက် ခံစားရသူမှာ အပူမီးကြီးလှတယ်...

ဒါပေမယ့် လွမ်းစရာရှိတော့လဲ...

မလွမ်းချင်ပေမယ့် လွမ်းရတာ ပဲ...

လွမ်းရလို့ လောင်မြိုက်တဲ့ အပူမီးကိုလည်း ရင်စည်းခံရတော့တာပဲပေါ့…

မလွမ်းတန်.. လွမ်းပြန်ရင် မျက်ရည်စတွေနဲ့ ဆိုသလို…

သတိရတိုင်း ရင်နာရတယ်…

ခင်လေးရယ်…

တက္ကသိုလ်ဆိုတာ… မလွမ်းတတ်သူတွေလည်း လွမ်းအောင်သင်ပေးနိုင်တဲ့ ကျောင်းတော်ကြီးပါလား…

*